# ချစ်ခြင်းမေတ္တာ မိသားစုကမ္ဘာ


Myanmar Mobile Education Project
myME
mymeproject.org




နွယ်နွယ်နှင့် အောင်အောင်တို့သည် ကျောင်းပိတ်ရက်တွင်ဖတ်ရန် လမ်းထိပ်စာအုပ်ဆိုင်မှ စာအုပ်များငှားကာ ပြန်လာခဲ့ကြသည်။
မေမေ .. သမီးတို့ပြန်ရောက်လာပြီ
မေမေ .. သားရောက်ပြီ။ ကာတွန်းစာအုပ်တစ်အုပ် ငှားလာတယ်။ ပျော်စရာ မိသားစုအကြောင်းတဲ့။


ဖေဖေသည် ရုံးမှ အိမ်သို့ပြန်ရောက်၍ နွယ်နွယ်နှင့် အောင်အောင်အား မတွေ့လျှင် မေမေ့ကို အမြဲမေးတတ်သည်။
ဖေဖေ ရုံးကပြန်ရောက်ကတည်း က သားနဲ့ သမီးကို မတွေ့လို့ မေးနေတယ်။


နွယ်နွယ်နှင့် မောင်လေးတို့ ဖေဖေ့ထံသို့ အပြေးသွားကြသည်။
ဖေဖေကြီး . . . သားတို့ကို မေးတယ်ဆို
ဖေဖေ ပြန်ရောက်တာ ကြာပြီလားဟင် . .
ဟုတ်ပါ့ သားနဲ့သမီးရယ် . . . မတွေ့လို့မေးတာပါ။ ဘာများလုပ်နေကြလို့လဲ သိချင်လို့ပါ။


သမီးတို့ စာအုပ်အငှားဆိုင်က ပြန်လာတာပါ။ မေမေ့ကို ပြောခဲ့ပါတယ်။ ဖေဖေ၊မေမေတို့ကို အသိမပေးပဲ သမီးတို့ မလုပ်ပါဘူး။ သမီးတို့ လုပ်သမျှ၊ သိသမျှ၊ မြင်သမျှ ကိုလည်း ဖေဖေမေမေတို့ကို ပြန် ပြောပြမှာပါ။
မမ . . သားတို့လမ်းမှာ တွေ့ခဲ့တာဖေဖေ့ကို ပြောပြလိုက်ဦးလေ။


နွယ်နွယ်သည် လမ်းထောင့်အိမ်မှ ဦးပွကြီးတို့မိသားစုအကြောင်း ပြောပြမည်အလုပ်တွင် မေမေသည် မီးဖိုခန်းထဲမှ ဝင်လာသည်။
အဖေကြီးနဲ့ ကလေးတွေ ဘာတွေပြောနေကြတာလဲ။
သမီးနဲ့ သားကစာအုပ်အငှားဆိုင်က အပြန် လမ်းမှာ တွေ့ခဲ့တာ ပြောပြနေတာပါ။


မေမေရေ . . . သိလား။ လမ်းထောင့်အိမ်က ဦးပွကြီးပေါ့။ သူ့မိန်းမနဲ့ သမီးကို ကြမ်းရမ်းနေပြန်ပြီ။ ဒီတစ်ခါတော့ သူ့သမီးကို တုတ်ကြီးကြီးနဲ့ ရိုက်နေတာ တွေ့တယ်။


ဟုတ်တယ်မေမေ။ အဲဒီမမက အိမ်ထဲက ပြေးထွက်လာတယ်။ မျက်နှာမှာလည်း သွေးတွေနဲ့။ အိမ်နီးချင်း တစ်ယောက်က ဝင်တားပေး နေရတယ်။


ဒီမိသားစုရန်ဖြစ်ပြန်ပြီနဲ့တူတယ်။ ဟိုတစ်ခေါက်တုန်းက ဒီလိုထပ် မဖြစ်စေရတော့ပါဘူးလို့ ဦးပွကြီးက အရပ်လူကြီးတွေကို ကတိပေး ခဲ့သေးတယ်။ မူးလာရင် ဒီလူက အခုလိုကြမ်းရမ်းတော့တာပဲ။ သူ့မိန်းမက လည်း ခပ်စွာစွာပဲ။ နောက်ဆုံးကျတော့ ဒေါသတွေအားလုံး ကလေးမလေး အပေါ်ကျတော့တာပေါ့။
ကလေးမလေးဘာဖြစ်သွားသေးလဲ။ သူက သမီးထက်တစ်နှစ်ကြီးတယ် မဟုတ်လား။


ဟုတ်တယ်မေမေ။
ဒီတစ်ခါရိုက်တာ
တော်တော်ဆိုးတယ်။
သူ ၉ လမ်းထဲပြေးဝင်သွားတာတွေ့
လိုက်တယ်။ သူ့အတွက် စိုးရိမ်မိတယ်။
သူ့မိဘတွေက ခုလိုခဏခဏရိုက်နေ
တော့ သူပြန်မလာ တော့ဘူး
နဲ့ တူတယ်။


အကြောင်းစုံကို သိသွားသောအခါ ဖေဖေသည် ဦးပွကြီးနှင့်
သွားတွေ့ရန် ပြင်ဆင်တော့သည်။
မဖြစ်သေးပါဘူး။
ဘေးအိမ်ကလူတွေကို
ခေါ်ပြီး ကိုပွကြီးကို
သွားတွေ့ဦးမှပါပဲ။


ဖေဖေတို့ ဦးပွကြီးအိမ် ရောက်သည့်အခါ ဦးပွကြီးတစ်ယောက်တည်း ငူငူကြီးထိုင်နေသည်။
ဘယ်လိုလဲ ကိုပွကြီး ဒေါ်သပြေသွားပြီလား . . .
ဟုတ်ကဲ့ . . ပြေသွားပါပြီ။ ကျုပ်မိန်းမကတော့ သူ့သမီးကို ရှာဖို့ထွက်သွားတယ်။


ခင်ဗျားစိတ်ရှုပ်တာတွေကို နားလည် ကိုယ်ချင်းစာပါတယ် ကိုပွကြီးရယ်။ ဒါပေမဲ့ ကိုပွကြီးက လူကြီးလေ။ အဖေလည်းဖြစ်နေတယ် မဟုတ်လား။ ဒီတော့ ဒေါသကို ထိန်းမှပေါ့။ ကိုယ့်သမီးကိုလည်း ဒီလို မရိုက်သင့်ဘူးလေ။ ခုတော့ ကလေးလည်း စိတ်ထိခိုက်ရတာပေါ့။ ဒါမျိုးက ကလေးရဲ့ ပညာရေး၊ လူမှုရေး ထိခိုက်နိုင်တယ်။
ပညာရေး


ချစ်ခြင်းမေတ္တာ
ကျွန်တော်တို့လူကြီးတွေက ကလေးတွေကို ချစ်ခင်ဂရုစိုက်သင့်တာပေါ့ဗျာ။ ဒါမှလည်း သူတို့ရဲ့ဘဝမှာ နွေးထွေးလုံခြုံမှုတွေနဲ့ ယုံကြည်မှုတွေရလာပြီး အရာရာ ရင်ဆိုင်ရဲလာမှာ။ နောင်ကြီးပြင်းလာတဲ့အခါ တာဝန်သိတတ်၊ တာဝန်ယူတတ်တဲ့ လူကြီးတစ်ယောက် ဖြစ်လာမှာပေါ့။ စိတ်ခံစားလွယ်တဲ့ ခင်ဗျားသမီးလို အရွယ်တွေဆို ပိုလို့တောင် ဂရုစိုက်ပေးသင့်တယ်။


ဖေဖေတို့၏ ထိရောက်မှန်ကန်လှသော စကားလုံးများကြောင့် ဦးပွကြီး တစ်ယောက် အမှန်တကယ် နောင်တရသွားသည်။ သူ၏သမီးအတွက် လည်း အလွန်ပင် စိုးရိမ်ပူပန်သွားပုံရသည်။
ဒီတစ်ခါတော့တကယ် နောင်တရပါပြီဗျာ။ ကျွန်တော့် သမီးလေးကို ဝိုင်းရှာပေးကြပါ။
စိတ်ပူမနေပါနဲ့။ ရှာတွေ့မှာပါ။


ဖေဖေသည် ညဘက်အိမ်ပြန်ရောက်သည့်အခါ ဦးပွကြီး၏သမီးကို ပြန်၍ရှာတွေ့ကြောင်း မေမေနှင့် နွယ်နွယ်တို့အား ပြောပြလေသည်။
၉ လမ်းထဲမှာ ကလေးမလေးကို ရှာတွေ့တယ်။ ကိုပွကြီးတို့ အိမ်နီးချင်းတစ်ယောက်က ကလေးမလေးကို ကိုပွကြီးတို့ မသိအောင် ပြန်ခေါ်လာပြီး သူတို့အိမ်မှာ တစ်ညသိပ်ပေးထားလိမ့်မယ်။


ရောင်းစားမယ်
ခိုင်းစားမယ်
ကလေးမလေးအတွက် ကောင်းပါတယ်။ ရပ်ကွက်ထဲကနေ ထွက်မပြေးသွားလို့ တော်ပါသေးရဲ့။ ထွက်ပြေးရင် ဒုက္ခအမျိုးမျိုးတွေ့ရမှာ။
အိမ်ပြန်ရမှာကို တော်တော်ကြောက်နေမှာပဲနော်။


နောက်နေ့နံနက်ပိုင်းတွင် ဖေဖေတို့သည် ဦးပွကြီးနှင့် သူ့ဇနီးထံ သွားကြသည်။
လာကြပါ။ လာကြပါ။ တကယ့်အိမ်နီးနားချင်းကောင်းတွေပါပဲဗျာ။ သမီးလေးသတင်း ဘာများရကြသေးလဲ . . . ကျွန်တော့်ဇနီးလိုက်ရှာတာ မတွေ့ဘူးတဲ့ဗျာ။ ကျွန်တော်လည်း ခေါင်းမီး တောက်နေပါပြီ. . ကူညီကြပါဦး။
မပူပါနဲ့။ ကျွန်တော်တို့ရှာတွေ့ထားပါတယ်။ ဒါပေမဲ့ ခင်ဗျားတို့နှစ်ယောက် ကတိပေးရမယ်။


နောင်ဒါမျိုး လုံးဝမဖြစ်စေရတော့ပါဘူးဆိုတဲ့ ကတိပေါ့။ ဖြစ်လာရင် သက်ဆိုင်ရာကို တိုင်ရမှာပဲ။ ကလေးတွေကို မတော် မတရားဆက်ဆံတာ၊ ကြမ်းကြမ်းရမ်းရမ်းဆက်ဆံတာတွေမလုပ်ဖို့ ဥပဒေနဲ့ အကာအကွယ်ပေး ထားတယ်ဗျ။
ခင်ဗျားတို့သမီးမှာ ဘာဖြစ်ကျန်ခဲ့တယ်ထင်လဲ။ လက်တွေကိုယ်တွေပေါ်မှာ အပွန်းအပဲ့အရှိုးရာတွေနဲ့။ ခင်ဗျားကို ကြောက်လွန်းလို့ တုန်နေတာပဲ။ ရုပ်ရော စိတ်ရော ထိခိုက်သွားတာပေါ့ဗျာ။

ဖေဖေတို့သည် ဦးပွကြီးတို့ လင်မယားထံ သူတို့၏သမီးကို ပြန်ပို့ပေးလိုက်ကြသည်။ မျက်ရည်များရစ်ဝိုင်းနေသော ဦးပွကြီးသည် သမီးဖြစ်သူအား တောင်းပန်သော အကြည့်ဖြင့် ကြည့်နေသည်။
မိဘတိုင်း၏ရင်ထဲတွင် သားသမီးများအတွက် ချစ်မေတ္တာများရှိကြပါသည်။
ထိုချစ်မေတ္တာများကို ပေါ်လွင်အောင်ဖော်ပြနိုင်ရန် အလွန်အရေးကြီးသည်ကို ဦးပွကြီးနှင့် သူ့ဇနီးတို့ သိလာကြသည်။




ဦးပွကြီးသည် ဖေဖေတို့အား တောင်းပန်စကား ဆိုသည်။
အသိတရား ရင်ဝယ်ပိုက်ကာ ပျော်ရွှင်စရာ မိသားစုဘဝကို လျှောက်လှမ်းကြတော့မည့် ဦးပွကြီးတို့မိသားစုကို ကြည့်ကာ ဖေဖေတို့ကျေနပ်ပီတိဖြစ်ခဲ့ရသည်။



ဦးပွကြီးတို့မိသားစု အဆင်ပြေသွားကြပြီဟု သိလိုက်ရသဖြင့် မေမေနှင့်နွယ်နွယ်တို့ ဝမ်းသာသွားကြသည်။




အောင်အောင်၏ပြောစကားကို ဖေဖေနှင့်မေမေတို့ သဘောကျသွားကြသည်။ ဖေဖေသည် ဦးပွကြီးတို့မိသားစုအတွက် ဝမ်းသာနေသည်။ နွယ်နွယ်သည်အစဉ်အမြဲ ပျော်ရွှင်အေးချမ်းသောမိသားစုဘဝကိုပိုင်ဆိုင်ထားသည့် မိမိတို့မိသားစုကို ကျေနပ်ဂုဏ်ယူနေမိပါတော့သည်။



မိသားစုအတွင်း အကြမ်းဖက်မှုမရှိတော့သောအခါ ကိုပွကြီးတို့မိသားစုသည်
ပျော်ရွှင်ချမ်းမြေ့မှုကို ခံစားရပါတော့သည်။

